လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** June 2025

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီအစည်းအဝေး (၄/၂၀၂၅)



**၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်** **နေပြည်တော်**

အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ အဆောက်အဦများပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းမှ အစည်းအဝေးတက်ရောက်လာကြသူများသည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ဇွန်လ ၆ ရက်နေ့အထိ သေဆုံးသူ(၃၇၃၉)ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၄ ဦး နှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိကြောင်း၊ ထို့အပြင် နေအိမ်

အဆောက်အဦ ၆၃၀၀၀ ကျော်နှင့် စာသင်ကျောင်းများ၊ ဘုရားကျောင်းကန် စေတီများ၊ လမ်းတံတားများ များစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် ငလျင် လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း ဘေးဒုက္ခခံစားခဲ့ရသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများကို အမြန်ဆုံး ကယ်ဆယ်နိုင်ရေး စီမံဆောင်ရွက် ပေးခဲ့ကြောင်း၊ ပေးခဲ့ကြောင်း၊ ငလျင်ဒဏ်ခံခဲ့ကြရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ ကလည်း အချိန်နှင့် တစ်ပြေးညီ ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများကို ကြည့်မည်ဆိုပါက အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ခဲ့ကြသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့ဝင် ၂၆၈၈ ဦးကို စေလွှတ်ခဲ့ကြောင်း၊ အစောဆုံးအနေဖြင့် အိမ်နီးချင်း နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရောက်ရှိ ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး ခဲ့ကြောင်း၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကလည်း နိုင်ငံတကာမှ အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့များ နှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့ပါ သည်။

ယင်းကိစ္စနှင့်ပတ်သက်၍နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် ငလျင်လှုပ်ခတ်ပြီး အချိန်ပိုင်းအတွင်း နိုင်ငံ တကာသို့ အကူညီတောင်းခံမှု အကျိုးဆက်အဖြစ် ငလျင်ကြောင့် ဘေးဒုက္ခခံစား နေကြရပြီး ပိတ်မိနေကြ သည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု များကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ထောက်ပံ့ရေး ပစ္စည်းများအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ စာနာ ထောက်ထားမှုပစ္စည်းနှင့် ဆေးဝါးစုစုပေါင်း တန်ချိန် ၂၄၇၂ တန်ကို လေယာဉ်အစီးပေါင်း ၁၀၀ ၊ ရေယာဉ်ပေါင်း ၈ စီးနှင့် မော်တော်ယာဉ် ၂ စီးဖြင့် ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြောင်း၊ နိုင်ငံတကာမှ ကူညီ ကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းအတွေ့ အကြုံများ နှင့် ဗဟုသုတများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဝင်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင် တို့က ရရှိခဲ့သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကိစ္စရပ်ပင် ဖြစ်ကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုသော နည်းပညာမြင့်မားသည့် ပစ္စည်းကိရိယာ များ၏ သုံးစွဲပုံ၊ သုံးစွဲနည်းများကို မြန်မာနိုင်ငံ မီးသတ် တပ်ဖွဲ့အနေဖြင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်ခဲ့ရ သည့် အတွက် အတွေ့အကြုံကောင်းများ ရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ စွမ်းစွမ်းတမံအကူအညီများ ရရှိခဲ့သည့် အတွက် ငလျင်ကြောင့် ဘေးဒုက္ခခံစားရသူများကို အမြန်ဆုံး ကယ်ဆယ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကိုလည်း အမြန်ဆုံး ဆက်လက်ဆောင်ရွက် နိုင်ခဲ့ကြောင်း၊ ယနေ့အထိ စာရင်းများအရ ပြည်တွင်း၊ ပြည်ပ စေတနာရှင် ပြည်သူများက လှူဒါန်းမှု ၄ ကြိမ် အတွင်း ငွေကျပ် ၁၄၄ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတကာမှ အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမှ ပြည်ပရောက် စေတနာရှင်များ လှူဒါန်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ကိုရီးယားဝမ် ၅ သန်း၊ အိန္ဒိယရူပီး ၁၆ သန်း၊ ထိုင်းဘတ် ၂ သန်း၊ စင်္ကာပူ ဒေါ်လာ ၃၁၅၀၊ တရုတ်ယွမ် ၇၀၀ ၊ သီရိလင်္ကာရူပီး ၂ သိန်းခွဲ၊ နီပေါရူပီး ၃၇၀၀၀၊ ဘင်္ဂလားဒေ့ရှ်တာကာ ၃၁၆၀၊ ဗီယက်နမ်ဒေါင် ၉၇၉၀၀၀၊ အင်ဒိုနီးရှားရူပီး ၂၀၀၀၀၊ ကမ္ဘောဒီးယားရီရယ် ၇၁၆၅၀၀ ၊ လာအို ကစ် ၁ ဒသမ ၇ သန်းကျော်၊ ရုရှားရူဘယ် ၂၆၃၀၀၀ ကျော် ရရှိခဲ့ကြောင်းပြောကြားခဲ့ပါသည်။

ထို့အပြင် နိုင်ငံတကာ ကူညီကယ်ဆယ်ရေး နိုင်ငံ ၂၅ နိုင်ငံ၊ ကယ်ဆယ်ရေးပစ္စည်း ပေးပို့သည့် နိုင်ငံ ၁၉ နိုင်ငံ၊ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကယ်ဆယ်ရေး အဖွဲ့ဝင်များနှင့် နိုင်ငံအတွင်း သဘာဝဘေးဒုက္ခ ကြုံတွေ့ခဲ့ချိန်များတွင် လှူဒါန်းပေးခဲ့ကြသည့် စေတနာ ရှင်ပြည်သူများကို နိုင်ငံတော် ကိုယ်စား၊ ပြည်သူများ ကိုယ်စား၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာနကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် အနေဖြင့် ငလျင်ဘေးနှင့်ပတ်သက်၍ လာရောက် ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများအလိုက် အဖွဲ့များကို အမှတ်တရ ဂုဏ်ပြုတံဆိပ်များပေးပို့ရေး လမ်းညွှန်ချက် အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန မှတစ်ဆင့် ဖြန့်ဝေ ပေးထားပြီးဖြစ်ပါကြောင်းနှင့် နိုင်ငံများအလိုက် ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကိုလည်း ပေးအပ်သွားမည် ဖြစ်သဖြင့်

သက်ဆိုင်ရာ တာဝန်ရှိသူများက ပြုစုပေးပို့နိုင်ရေး လျာထားဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

၎င်းအပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ လှူဒါန်းသည့် စေတနာရှင်ပြည်သူများ၏ အလှူငွေများနှင့် ပစ္စည်းများ ရောက်ရှိလာသည့် အပေါ်မူတည်၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန် ညွှန်ကြားထားကြောင်း၊ မိမိတို့အနေဖြင့်လည်း ရောက်ရှိလာသည့်ပစ္စည်းများကို စာရင်းများပြုစုပြီး ပွင့်လင်းမြင်သာမှုရှိစွာ စနစ်တကျဖြင့် ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုများကိုလည်း နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြပေးလျက်ရှိကြောင်း၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့အထိ ရရှိသည့် ပြည်တွင်း အလှူရှင်များ၏ ငွေကျပ် ၁၄၄ ဘီလီယံကျော်နှင့် ပြည်ပအလှူရှင်များ၏ အမေရိကန်ဒေါ်လာ ၅ သန်းကျော်အပါအဝင် နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကောင်မတီသို့ ရန်ပုံငွေထပ်မံထည့်ဝင်ပေးမှုနှင့် ငလျင်ဘေးသင့်ချိန်အရေးပေါ် ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန် ထည့်ဝင်ပေးထားပါကြောင်းပြောကြားခဲ့ပါသည်။

ထို့အပြင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့အထိ သုံးစွဲပြီးသည့်ငွေ စုစုပေါင်း ငွေကျပ် ၂၆၄ ဒသမ ၆၅၆ ဘီလီယံ ရှိပါကြောင်း၊ ထိုသို့သုံးစွဲရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၄၅ ခုမှ ဝန်ထမ်းနှင့် မှီခိုသူ ၁၃၀၀၀၀ ကျော်အတွက် သုံးလစာထောက်ပံ့ခြင်း၊ ပျက်စီးခဲ့သည့် အခြေခံ ပညာကျောင်းများ၊ အဆင့်မြင့်ကျောင်းများတွင် ယာယီကျောင်းဆောင်များ ပြုလုပ်ရန် ကြိုတင်ငွေများပေးအပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့် အထူးအဆောက်အအုံများ ပြင်ဆင်နိုင်ရန် ပေးအပ်ခြင်း၊ ဘေးဒုက္ခရောက်ခဲ့သည့် ပြည်သူများအတွက်အရေးပေါ် ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေလွှာများ မီးလောင်ခဲ့သည့် ပြည်နယ်တစ်ခုနှင့်တိုင်းဒေသကြီးသုံးခုမှအခြေခံပညာအထက်တန်း Gradr-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့်ကျောင်းသား/ကျောင်းသူ ၃၅၉၂၂ ဦးနှင့် ယင်းတို့ကို အနီးကပ်သင်ကြားပေးမည့် ဆရာ/ ဆရာမ ၆၇၂၉ ဦးနှင့် အဝေးမှ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချပေးကြသည့် ဆရာကြီး/ ဆရာမကြီးများအတွက် စုစုပေါင်း ငွေကျပ် ဘီလီယံ ၂၀ ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ဇွန်လတွင် ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထိုထောက်ပံ့ငွေများတွင် ခရီးစရိတ်များ၊ စားစရိတ်များ၊ နေ့တွက်စရိတ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများပါဝင်ပါကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၏ နေအိမ်များ ပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်မှ ထောက်ပံ့ပေးရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ တွက်ချက်ထားပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိပါကြောင်း၊ အဆိုပါအိမ်များ ပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးမှုများအနက် တိုက်များပိကျ၍အိမ်အသုံးအဆောင်ပစ္စည်းများဆုံးရှုံးခဲ့သည့် ဝန်ထမ်းအိမ်ထောင်စု ၄၄၉ စုအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များက ထောက်ပံ့ပေးသည်များ ရှိသော်လည်း နိုင်ငံတော်အနေဖြင့်လည်း ပုံမှန်နေ့စဉ် အသုံးပြုနေရသည့် အိမ်အသုံးအဆောင်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အိမ်ထောင်စုများတွင် ဝန်ထမ်း ၆၀၅ ဦး နှင့် မှီခိုသူ ၁၁၈၁ ဦး စုစုပေါင်း ၁၇၈၆ ဦး စာရင်းအရသိရှိရကြောင်း၊ ထိုသို့စာရင်းများ ကောက်ယူရာတွင် အဆင့်ဆင့်လုပ်ဆောင်ရသောကြောင့် ကြန့်ကြာမှုများရှိသည့်အတွက် ဝန်ကြီးများ ကိုယ်တိုင် စိစစ်ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ မိုးရာသီအမီ ဝန်ထမ်းများ လုံလုံခြုံခြုံဖြင့် အမိုးအကာအောက်နေထိုင်နိုင်ရန် အတွက် Prefabricated House/Office များကို သံရုံးမှ တစ်ဆင့် အကူအညီ တောင်းခံခဲ့မှုကြောင့် Prefabricated Office အလုံးရေ ၅၀၀ နှင့် Prefabricated House အလုံးရေ ၄၅၀၀ ရရှိပြီး ဖြစ်ကြောင်း၊ ၎င်းတို့အနက် ၃ ပုံ ၂ ပုံခန့် ဖြန့်ခွဲပေးပြီးဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့်

လည်းပြီးခဲ့သည့် မေလ ၃၀ ရက်တွင် ကျင်းပခဲ့သည့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲတွင် မဏ္ဍိုင်ကြီး (၃)ရပ်ကို ထည့်သွင်းဆွေးနွေးသွားကြောင်း၊ အဆိုပါ မဏ္ဍိုင်ကြီး (၃)ရပ်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး၊ အခြေခံ အဆောက်အဦများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေး ပြန်လည်ရှင်သန်ခြင်းနှင့် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့်လည်း လုပ်ငန်းလမ်းညွှန်ချက်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပထမမဏ္ဍိုင်အနေဖြင့် လူသားချင်းစာနာ ထောက်ထားမှုကိစ္စရပ်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လူမှုကာကွယ်ရေးကိစ္စရပ်တွင်ငလျင်ဒဏ်သင့်ပြည်သူများနှင့်ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို အားလုံးဝိုင်းဝန်းပြီး အမြန်ဆုံးဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း၊ ဒုတိယမဏ္ဍိုင်နှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့် လူမှုဝန်းကျင် ပြန်လည်တည်ဆောက်နိုင်ရေးကိုလမ်းညွှန်မှာကြားထားကြောင်း၊ မိုခါ၊ ရာဂီမုန်တိုင်းတို့တွင် ပျက်စီးသွားခဲ့သည်များကို အသစ် ပြန်လည်တည်ဆောက်ရာတွင် မူလထက်သာလွန် ကောင်းမွန်အောင် ဆောင်ရွက်ရမည့် မူဝါဒရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် MSME လုပ်ငန်းများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကိုယ်တိုင် ငလျင်လှုပ်ခတ်ပြီးလျှင်ပြီးခြင်း စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်များသို့ သွားရောက်၍ ပျက်စီးဆုံးရှုံး ခဲ့မှုများကို MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များနှင့် နိုင်ငံတော်မှ ကူညီပြီးပံ့ပိုး ပေးစေလိုသည့် အချက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေတို့တွင် ထိရောက်စွာ ဆွေးနွေးအဖြေရှာခဲ့ကြောင်း၊ ပျက်စီးမှုအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် MSME လုပ်ငန်းပေါင်း ၃၀၆ ခု ရှိကြောင်း၊ ပျက်စီးဆုံးရှုံးသွားခဲ့သည်များကို အမြန်ဆုံးပြန်လည်ကုစား၍ လုပ်ငန်းများလည်ပတ်နိုင်ရေး အဆင့်ဆင့်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ သို့မဟုတ် MSME ရန်ပုံငွေအပြင် ဘဏ်များနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမှန်တကယ် ငွေကြေးလိုအပ်သည့် လုပ်ငန်းရှင်များအတွက် ပုဂ္ဂိကဘဏ်များမှ ငွေကြေးထုတ်ချေးရာတွင် သက်သာသည့် အတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားခဲ့ပါသည်။

တတိယမဏ္ဍိုင်နှင့် ပတ်သက်၍ သဘာဝဘေးအလွန် အမျိုးသားအဆင့်အနေဖြင့် နောက်တစ်ကြိမ်မဖြစ်စေရန် စနစ်တကျ စီမံချက်များရေးဆွဲပြီး ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲအောင်နှင့် ငလျင်လှုပ်ခတ်လာမည်ဆိုပါက ပြိုကျပျက်စီးခြင်းများ မရှိအောင်ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ကြရမည့် အဆောက်အဦများအားလုံးသည် မြေသားစမ်းသပ်မှုအပါအဝင် ရစ်ချ်တာစကေး ၈ အထိခံနိုင်သည့် အဆောက်အဦများဖြစ်စေရန် ဆောက်လုပ်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံပေါင်း ၄၆ နိုင်ငံတွင် မိုးခေါင်မှု ၂ ကြိမ်၊ ငလျင် ၉ ကြိမ်၊ ရေကြီးမှု ၃၂ ကြိမ်၊ မုန်တိုင်း ၁၄ ကြိမ်၊ မီးတောင်ပေါက်ကွဲမှု ၁ ကြိမ်နှင့် တောမီး ၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် ၁၀ နှစ်ကို ပြန်ကြည့်မည်ဆိုပါက မိုးခေါင်ရေရှားမှု အနည်းဆုံး ၂ ကြိမ်မှ အများဆုံး ၁၂ ကြိမ်၊ ငလျင်ဘေး အနည်းဆုံး ၇ ကြိမ်မှ အများဆုံး ၁၉ ကြိမ်၊ ရေဘေး အနည်းဆုံး ၄၆ ကြိမ်မှ အများဆုံး ၉၇ ကြိမ်ဖြစ်ကြောင်း၊ ၎င်းအနက် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် ရေဘေး ၇၁ ကြိမ် ကျရောက်ခဲ့ကြောင်း၊ မုန်တိုင်း အနည်းဆုံး ၂၁ ကြိမ်မှ အများဆုံးအကြိမ် ၆၀ အထိ ဖြစ်ပွားခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှု ဖြစ်စဉ်မှာ ၃ ကြိမ်မှ ၅ ကြိမ်နှင့် တောမီးလောင်မှု ၁ ကြိမ်မှ ၉ ကြိမ်အထိ ဖြစ်ကြောင်း၊ အထက်ပါအချက်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက

ရေဘေး အန္တရာယ်နှင့် မုန်တိုင်းအန္တရာယ်မှာ အများဆုံး ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သတိပြုကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြည်သူများနှင့် ဝန်ထမ်းများ မိုးရာသီတွင် လုံလုံခြုံခြုံအမိုးအကာအောက် နေထိုင်ရန် ယာယီ အားဖြင့်ဆောင်ရွက်ပေးပြီးဖြစ်သော်လည်းမလုံလောက် သေးဘဲ လိုအပ်ချက်များရှိပါက အစည်းအဝေး တွင်သာ မဟုတ်ဘဲ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ ကော်မတီများနှင့် တာဝန်ရှိသူများကို တင်ပြစေလို ကြောင်း၊ သို့မှသာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ စာရင်းဇယားများ ကောက်ယူရာတွင် မှန်မှန်ကန်ကန်နှင့် တိတိကျကျ ဖြစ်ပြီး အချိန်ကုန် မှုမရှိဘဲ အဆင့်ဆင့်စိစစ်၍ တင်ပြ စေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်ပြန်လည်ထူထောင် ရေး ကိစ္စရပ်များ၊ ပြည်သူများလုံလုံခြုံခြုံဖြင့် နေထိုင် နိုင်ရေးကိစ္စရပ်များတွင် အတတ်နိုင်ဆုံး အဆင်ပြေ စေရေးရရှိလာသည့်အလှူငွေများ၊နိုင်ငံတော်မှထည့်ဝင် ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေများ မှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်ရှိ သည့် လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင် ဆက်သွယ်ရေးကဏ္ဍ၊ လမ်းပန်း ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆောက်လုပ်ရေး ကဏ္ဍ စသည်များကို စဉ်ဆက်မပြတ် ပြန်လည် ထူထောင်ရေးကာလအတွင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အနှောက် အယှက်များရှိမည် ဖြစ်သော်လည်း အကောင်းဆုံး ကျော်လွှား ရမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာများ အနေဖြင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု နေသည့် လုပ်ငန်းဖြစ်သည့်အတွက် ငလျင်ဘေး အန္တရာယ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ MSME လုပ်ငန်းများ၏ ထိခိုက်ပျက်စီးခဲ့မှု များကို မြန်မြန်ဆန်ဆန်ပြုပြင်ပြီး အမြန်ဆုံး ပြန်လည် လည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင် ရွက်သွားရမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်နယ် ဝန်ကြီးချုပ်များကလည်း တင်ပြထားသည့် ကိစ္စရပ်များ အပေါ် ခွင့်ပြုချက်ရပြီးသည်နှင့် ကူညီ ထောက်ပံ့ရေးပစ္စည်းများကို ပြည်သူများထံ လက်ဝယ် အရောက် ဖြန့်ဝေပေးနိုင်ရန်လိုအပ်ကြောင်း ပြောကြား ခဲ့ပါသည်။

ထို့အပြင် ပြန်လည်ထူထောင်ရေးကာလတွင် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထောက်ပံ့ ပေးနိုင်ရေးနှင့် ရပ်ဆိုင်းသွားသည့် ဘိလပ်မြေစက်ရုံများ အမြန်ဆုံးပြန်လည်ပတ်နိုင်ရေး သက်ဆိုင်ရာ တာဝန် ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ ဇွန် ၂ ရက်က စတင် ဖွင့်လှစ်ပြီး ကျောင်းသား/ ကျောင်းသူများ လုံလုံခြုံခြုံ ဖြင့် စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေးဆောင်ရွက် ပေးပြီးဖြစ်သော်လည်း လိုအပ်ချက်များရှိပါက အချိန် နှင့် တစ်ပြေးညီ တင်ပြပေးစေလိုကြောင်း၊ ကျန်းမာရေး ဆိုင်ရာအနေဖြင့် ယာယီစခန်းများတွင် ငလျင် ဘေးသင့် ဝန်ထမ်းများ၊ ပြည်သူများစုဖွဲ့နေထိုင်ကြသဖြင့် ယနေ့ ခေါင်းပြန်ထောင်လာသော Covid ၁၉ အိုမီခရွန် မျိုးကွဲ နှင့် ပတ်သက်၍ ကူးစပ်ပြန့်နှံ့မှုများ လုံးဝမရှိစေရေး ထုတ်ပြန်ထားသည့် SOP များအတိုင်း ဆောင်ရွက် ပေးရေး၊ ပြည်သူများလိုက်နာ နေထိုင်စေရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းနှင့် တက်ရောက် လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်ချက်များနှင့်ဆောင်ရွက်ရန်ကျန်အချက်များ၊ ရေတိုရေရှည် အစီအမံများနှင့် လိုအပ်ချက်များကို တင်ပြသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြား ခဲ့ပါသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြ သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာ စိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့် ဒေသများ ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်း သာယာရေး ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အဦများအတွင်း ကျန်ရှိနေသည့်ပစ္စည်းများ အား ကူညီရှာဖွေ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေး ဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင် ဘေးသင့်ရုံးများနှင့် ဝန်ထမ်းများအတွက် Prefabricated House/ Office များတည်ဆောက်၍ နေရာချထား ပေးမှု၊ ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့်ဝန်ထမ်းများ

အား ထောက်ပံ့ပေးနေမှု၊ ပျက်စီးဆုံးရှုံးမှုများ၏ မူလတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုး တွက်ချက်ထားရှိမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့် ဒေသများသို့ ဖြန့်ခွဲပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။


ယင်းနောက် အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ယာယီရုံးများ ဦးစားပေး ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖြင့်ရုံး၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များနှင့် အထူးအဆောက်အဦများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနများအလိုက် ရုံး၊ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက် ပြန်လည် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများအား ပြန်လည်နေရာချထားမှု၊ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာအကူအညီများအား စနစ်တကျစိစစ်လက်ခံပြီး ငလျင့်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု၊ MSME လုပ်ငန်းများ ချေးငွေများ ရယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးထားမှု၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံရည်ကြိုစက်ရုံများ လည်ပတ်နိုင်မှုနှင့် ပစ္စည်းများထုတ်လုပ်နေမှု၊ ပြန်လည်ထူထောင်ရေးကာလ ၁၈ လအတွင်း သံချောင်းလုံးနှင့် သံမဏိလိုအပ်ချက်များ၊ ငလျင်ဒဏ်သင့် ကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းများဖွင့်လှစ်၍ ပညာသင်ကြားနေမှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ငလျင်နှင့် ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာမှတဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ယင်းနောက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ဆွေးနွေး တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

Huawei Technologies (Yangon) Co.,Ltd က မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် လူသုံးကုန်ပစ္စည်းများနှင့် ဆေးနှင့် ဆေးပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်** **နေပြည်တော်**

အလှူပစ္စည်း ပေးအပ်ပွဲသို့ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန အဖွဲ့ခေါင်းဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဦးစိုးကြည်တို့ တက်ရောက်ခဲ့ကြောင်းနှင့် ပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ယာယီစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကြည့်ရှုအားပေး



**၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ၂၀၂၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် တာဝန်ရှိသူများ လိုက်ပါလျှက် နေပြည်တော် ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ပြည်ပအလှူရှင်များက AHA Centre မှတစ်ဆင့် လှူဒါန်းသော ယာယီစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား/ ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး အားပေးခဲ့ပါသည်။

အဆိုပါယာယီစာသင်ဆောင်သည် အလျား ၉၀ ပေ ၊ အနံ ၃၀ပေရှိ အသင့်တပ်ဆင်သုံးစွဲ နိုင်သည့် ကွန်တိန်နာအဆောက်အဦဖြစ်ပြီး တည်ဆောက်ချိန် ၁၀ ရက်ခန့်ဖြင့် ဆောက်လုပ်နိုင် ကြောင်းနှင့် နေပြည်တော် ကောင်စီနယ်မြေအတွင်း ၅ ဆောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ၅ ဆောင်စီဖြင့် စုစုပေါင်း ယာယီစာသင်ဆောင် အဆောင် ၂၀ ကို အမေရိကန်ဒေါ်လာ ၆ သိန်းခန့်ဖြင့် တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

## မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း




**၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်** **နေပြည်တော်**

ရန်ကုန်တိုင်းဒေသကြီးနေဦးစိုးညွန့်+ဒေါ်ခင်ကြည် (ကြာညိုပန်း-မိသားစု)က ငွေကျပ် (၅၀,၀၀၀,၀၀၀/-) ကို မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ဝန်ကြီး၊ ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ



**၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား အဆိုပါဝန်ကြီးဌာန၊ မေခလာ ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာမှု အကူအညီပေးအပ်ခဲ့မှုများ၊ ငလျင်ကြောင့် နိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ငလျင်ဘေးနောက်ဆက်တွဲ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံအလိုက်ထူထောင်ထားရှိသည့်လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များနှင့် နှစ်ဦးနှစ်ဖက် အပြုသဘောဆောင်လျက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ ကြပါသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ ယာယီရုံးအကြီးအကဲ Ms. Vanessa May အားလက်ခံတွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ ယာယီရုံးအကြီးအကဲ Ms. Vanessa May ဦးဆောင်သောအဖွဲ့အား အဆိုပါ ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်** **နေပြည်တော်**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများအတွက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံက အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီရုံးခန်း (Prefabricated Office)နှင့် ယာယီဝန်ထမ်းအိမ်ရာ (Prefabricated House) လှူဒါန်းထားရှိမှု အခြေအနေများ၊ AHA Centre မှ လှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabricated School) ဆောက်လုပ်ပြီးစီးမှု၊ UNOCHA ၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅)ကျင်းပမှု



ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅)ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပဋိပက္ခ အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ဒုတိယ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးတင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက် ခဲ့ကြပါသည်။

အစည်းအဝေး၌ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသား အဆင့် လုပ်ငန်းစီမံချက်ကို (၁၀-၁၁-၂၀၂၁) ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စတုတ္ထ ၁ နှစ် သက်တမ်းကို (၁၀-၁၁-၂၀၂၄) ရက်မှ စတင်အကောင်

အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၆ လ တစ်ကြိမ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ တင်ပြလျက်ရှိရာ တတိယ ၁ နှစ်သက်တမ်း၏ ဒုတိယ (၆) လ ပတ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာမှ ကောက်နှုတ်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူး ကိုယ်စားလှယ်ရုံးသို့ ပေးပို့နိုင်ခဲ့ပါကြောင်း၊ စတုတ္ထ သက်တမ်းကာလအတွင်း လုပ်ငန်းကော်မတီ အစည်းအဝေး ၁ ကြိမ် ကျင်းပခဲ့ပါကြောင်း၊ စတုတ္ထ ၁ နှစ် သက်တမ်း၏ ပထမ (၆)လပတ် လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ တင်ပြနိုင်ရေးအတွက် အစီရင်ခံစာ (မူကြမ်း) အပေါ် လုပ်ငန်းကော်မတီဝင်များက အကြံပြု ဆွေးနွေးကာ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်၍ အစီရင်ခံစာ အတည်ပြုနိုင်ရေး အမျိုးသားအဆင့် ကော်မတီသို့ တင်ပြမှာဖြစ်ပါကြောင်း၊ အမျိုးသား အဆင့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်တစ်ခု ဖြစ်သည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်ထိ အရာထမ်း/အမှုထမ်း (၃၀)ဦးဖြင့် ဖွင့်လှစ် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်း စီမံချက် ကာလ စတုတ္ထသက်တမ်းသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှာ တစ်နှစ်ပြည့်မှာ ဖြစ်သည့် အတွက် စီမံချက်ကာလ ပဉ္စမသက်တမ်းအတွက် ကြိုတင်ပြင်ဆင်စရာများကို ပြင်ဆင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီဝင်များ၏ သဘောထားအမြင်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏အားသာချက် /စိန်ခေါ်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပေးရန် ပြောကြားခဲ့ပါသည်။



ဆက်လက်၍လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၄) ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြဆွေးနွေးပြီးနောက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု စတုတ္ထ သက်တမ်း၏ ပထမ(၆)လပတ် အစီရင်ခံစာ (မူကြမ်း) ရေးသားထားမှုကို လုပ်ငန်းကော်မတီ၊ အဖွဲ့ဝင်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက တင်ပြပြီး တက်ရောက်လာသော လုပ်ငန်းကော်မတီဝင်များမှ အကြံပြုဆွေးနွေးခဲ့ပါသည်။

ထို့နောက်လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ အမြဲတမ်းအတွင်းဝန်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ (Nationwide Case Management Supervision Unit-NCMSU) Working Group လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲရေးလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ (Nationwide Case Management Supervision Unit-NCMSU) Working Group လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေး ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများရှိညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက (Inperson) ဖြင့် တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ဦးစီးမှူးများက (Online) ဖြင့် တက်ရောက်ခဲ့ကြပါသည်။ ညွှန်ကြားရေးမှူးချုပ်က

အဖွင့်အမှာစကားပြောကြားရာတွင် “NCMSU Working Group လုပ်ငန်းညှိနှိုင်းအစည်းအဝေး” ကို ဦးစီးဌာနတွင် သုံးလပတ်အလိုက် တစ်ကြိမ်စီကျင်းပပြုလုပ်သွားမှာဖြစ်တဲ့အတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်မှုများမြင်နိုင်မှာ ဖြစ်ကြောင်းနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်၊ ကျား/မအခြေပြု အကြမ်းဖက်ခံရခြင်းဖြစ်ရပ်၊ Help Line မှ တိုင်ကြားသောဖြစ်ရပ်နှင့် နည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်တိုင်ကြားလာသော ဖြစ်ရပ်များကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရန်၊ ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ကြီးကြပ်သူတို့ကို ကွပ်ကဲဆောင်ရွက်ရန် ၊ CMIS တွင် ကလေးသူငယ်၏ သတင်းအချက်အလက်ကို စနစ်တကျ ရေးသွင်းခြင်းလုပ်ငန်း ကြီးကြပ်ရန်နှင့် ဖြစ်ရပ်များကို သုံးသပ်တင်ပြသည့်အခါ လူမှုဝန်ထမ်းသမား၏ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသော လူမှုရေးရာဖြစ်ရပ်စီမံ ခန့်ခွဲမှုလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီးတင်ပြချက်များအပေါ် ဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များနှင့် ဆက်လက် အကောင်အထည်ဖော်မည့် လုပ်ငန်းများအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## မွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



မွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် မွန်ပြည်နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးစောကြည်နိုင်က အဖွင့်အမှာ စကားပြောကြားပြီး၊ မွန်ပြည်နယ်အတွင်း ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများအား မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ရှင်းလင်းတင်ပြပါသည်။ ထို့နောက် တက်ရောက်လာသော ကော်မတီဝင်များက မိမိတို့ သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ မွန်ပြည်နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနငယ်/ သင်တန်းကျောင်းအုပ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရုံးအဖွဲ့ဝင်များ စုစုပေါင်း (၃၀)ဦး တက်ရောက်ခဲ့ကြပါသည်။

## သစ်သီးမျိုးစုံ ယိုထိုးနည်းသင်တန်း (၁/၂၀၂၅) နှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်း (၂/ ၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနား

မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မန္တလေး လူငယ်သင်တန်းကျောင်း၌ သစ်သီးမျိုးစုံ ယိုထိုးနည်းသင်တန်း (၁/၂၀၂၅) နှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်း (၂/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေး လူငယ်သင်တန်းကျောင်း ဘက်စုံသုံးခန်းမ၌

ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇာနည်အောင်မှ အမှာစကားပြောကြားခဲ့ပြီး မန္တလေး တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးမှူးရုံးမှညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းမှ အိမ်တွင်းလျှပ်စစ် သွယ်တန်း တပ်ဆင်ခြင်းသင်တန်းမှပထမဆုရရှိသောသင်တန်းသား (၁)ဦးအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးမှ ဒုတိယဆု ရရှိသော သင်တန်းသား (၁)ဦးအား လည်းကောင်း အသီးသီးဆုများ ချီးမြှင့်ခဲ့ပြီး အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ မန္တလေး လူငယ်သင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သင်တန်း သား/သင်တန်းသူ စုစုပေါင်း (၄၅) ဦး တက်ရောက် ခဲ့ကြပါသည်။



## မိတ္ထီလာခရိုင် အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး



ခရိုင်အမျိုးသမီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကော်မတီအဖွဲ့ဝင် (၁၆) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် ခရိုင်အမျိုးသမီး ကော်မတီဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီး ကော်မတီအတွင်းရေးမှူးမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ မှစ၍ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များမှ ၎င်းတို့အနေဖြင့် အမျိုးသမီးနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးမှုနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## မန္တလေးတိုင်းဒေသကြီး လူငယ်သင်တန်းကျောင်းသို့ တိုင်းရင်းဆေးအထူးကုဆေးရုံမှ အထူးကွင်းဆင်းဆေးကုသခြင်း



မန္တလေးလူငယ်သင်တန်းကျောင်း၌ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် မန္တလေးတိုင်းရင်းဆေး အထူးကုဆေးရုံမှ အထူးကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါ်မိုးသီတာဝင်းနှင့် အကြောအရိုးအဆစ် ရောဂါကု ဌာနမှ ဆရာ/ ဆရာမကြီး၊ စုစုပေါင်း (၁၀)ဦး တို့မှ သင်တန်းကျောင်းရှိ ကျောင်းသား (၁၀၄)ဦးတို့အား ကွင်းဆင်းဆေးကုသခြင်းနှင့် အသိပညာပေး ဟောပြော ပွဲများ ဆောင်ရွက်ခဲ့ပါသည်။

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ၊ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှ ဇွန်လ ၂၅ ရက်နေ့အထိ ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၊ အထက (မိုင်းဆတ်) ကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်း၊ ကျတီ ကျေးရွာအုပ်စု၊ နောင်ဘိုကျေးရွာ၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးမြို့၊ အထက (၁၊ ၃၊ ၄၊ ၅) ကျောင်း၊ Royal Taunggyiဟိုတယ်ခန်းမ၊ဆေးတက္ကသိုလ်(တောင်ကြီး)၊ မိုင်းဖြတ်မြို့နယ်၊ အထက (ဟိုနားကျောင်း) နှင့် အမက (ကွက်သစ်) ကျောင်း၊ ကျိုင်းတုံမြို့နယ်၊ Better Changef Private School၊ အထက (၁) နှင့် အထက (ခွဲ-ကတ်ဖ)၊ လွိုင်လင်မြို့နယ်၊ အမက(မူလွန်-အင်ခစ်)၊ အမက (မူလွန်-နောင်ဟူး)၊ မူလွန် (တောင်နောက်)နှင့် မူလွန် (ကွတ်ချိုး)၊ လားရှိုးမြို့နယ်၊ အထက(၁၊ ၃၊ ၄၊ ၉)၊ အထက (ခွဲ-လ၉) နှင့် အလက ခွဲ(မ-၂၆)၊ ကလော မြို့နယ်၊ အလက (ဟဲဟိုး)နှင့် အလက (အင်းပြင်)၊ ပင်းတယမြို့နယ်၊သစ်အယ်ပင်ကျေးရွာအုပ်စု၊အင်းပက် လက်ကျေးရွာ၊ အင်းပက်လက် ဘုန်းကြီးကျောင်း၊ အ.ထ.က (ခွဲ)၊ သစ်အယ်ပင်ကျောင်း၊ ပင်လောင်း မြို့နယ်၊ ဝါးပြုံးကျေးရွာ၊ မိုးလုံလေလုံ အားကစားခန်းမ၊ အမက (မူလွန်-စင်းတောင်း)၊ အ.ထ.က (ထီတလီ) ကျောင်း၊ ဟိုပုံးမြို့နယ်၊ အထက (စမ်းစုတ်)၊ အထက (ဆိုက်ခေါင်)၊အထက(ခွဲ)ဒုံမေခိုးကျောင်း၊နောင်ယာဆိုင်း ကျေးရွာ၊ မိုင်းပျဉ်းမြို့နယ်၊ အလက (ခမ်းပေါ့)၊ နောင်ချို ကျေးရွာအုပ်စု၊ တောင်သုံးလုံးကျေးရွာ၊ ရပ်စောက် မြို့နယ်၊ အထက (ပင်ဖြစ်)၊ ပင်ဖြစ်ကျေးရွာအုပ်စု၊ ပင်ဖြစ်ကျေးရွာ၊ အထက (၁)၊ ရပ်စောက် မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် (၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၂) အုပ်စုတို့၌ ကျေးရွာသူ/ သားများနှင့် ကျောင်းသူ/ သားများအား ရေဘေးအန္တရာယ်၊ လျှပ်စီးဘေးအန္တရာယ် နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ၊ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှ ဇွန်လ ၂၅ ရက်နေ့အထိ မန္တလေး တိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က (၇၊၃၁) နှင့် အောင်မြေသာစံမြို့နယ်၊ အမျိုးသမီး အသက်မွေးအတတ်သင်ကျောင်း၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အခြေခံပညာအလယ်တန်း ကျောင်း၊ အ.ထ.က (၄)၊ ကျောက်ဆည်မြို့၊ ဘောဂဝတီ ရပ်ကွက်၊ အ.ထ.က (မြို့မ)၊ တံတားဦးမြို့နယ်၊ အ.ထ.က (တောင်ဘီလူး)၊ ပျော်ဘွယ်မြို့နယ်၊ အ.ထ.က (၁) နှင့် အ.ထ.က (ခွဲ) တို့၌လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အထက(၄၊၅)နှင့် ထားဝယ်မူလတန်း ကြိုကျောင်း၊ လေးထပ်ကျောင်း (ပရဟိတ)၊ ပခုက္ကူကျောင်း (ပရဟိတ)၊ မိဘမဲ့ အမျိုးသမီး ပရဟိတ၊ ကပက-ပညာ ဥယျာဉ်၊ ကပက-မဟာရွှေဂုဏ်ထူး၊ ကပက-ပန်းကံကော် ရန့်ကျောင်း တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ ခရိုင်၊ ဟင်္သာတမြို့နယ်၊ ဒူးယားမြို့၊ အခြေခံပညာ အထက်တန်းကျောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မရဲ့ အုန်းပင်စုကျေးရွာအုပ်စု၊ ဖျာပုံမြို့နယ်၊ အ.ထ.က (၃)၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ရေကြည် (မြို့မ) အ.ထ.က ကျောင်း တို့၌လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင် မြို့နယ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊

သန်လျင် လှူငယ်သင်တန်းကျောင်း၊ ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း (မြို့မ) တို့၌လည်းကောင်း၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ အ.မ.က (မူလွန်) (ဝါးတော) စာသင်ကျောင်း တို့၌လည်းကောင်း၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ အ.ထ.က (ခွဲ) (ကမေ့ကချူး) စာသင်ကျောင်း၊ ဘားအံမြို့နယ်၊ အ.ထ.က (၂)နှင့် အ.လ.က (ခွဲ) (လှာကမြင်) စာသင်ကျောင်း တို့၌လည်းကောင်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အ.ထ.က (၁၊၂၊၃၊၄၊၅)၊ ညောင်ပင်သာကျောင်း၊ သစ်လေးလုံးကျောင်းနှင့် ပညာပန်းတိုင်ကျောင်းတို့၌လည်းကောင်း ဆရာ/ ဆရာမများနှင့် ကျောင်းသား/ သူများအား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်း စာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း Talk Show ပြုလုပ်ခြင်း




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ၊ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ လွိုင်လင်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်တို့၌လျှင်ဘေးနှင့်ပတ်သက်၍လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်တို့၌ မုန်တိုင်းအသိပညာပေး နှင့်ပတ်သက်၍လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၌ လေပြင်းဘေးအန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း ဆောင်ရန်/ ရှောင်ရန်အချက် များအား အသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း



(၁၇-၆-၂၀၂၅) ရက်နေ့တွင် မိုင်းပျဉ်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ အထက (ခွဲ) မိုင်းပျဉ်းကျောင်း၌လည်းကောင်း၊ (၂၄-၆-၂၀၂၅) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊

အ.လ.က(၇) စာသင်ကျောင်း၌ လည်းကောင်း၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု၊ ကျည်တောင် ကျေးရွာတို့၌ ငလျင်ဘေး အန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ် လုပ်ငန်းများအား လျင်မြန်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ငလျင်ဘေး အန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းအား ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း



ထားဝယ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ (၉-၆-၂၀၂၅) ရက်နေ့မှ (၁၃-၆-၂၀၂၅) ရက်နေ့အထိ တိုင်းဒေသကြီးအဆင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၂၅) ကို သင်တန်း သား/သူ စုစုပေါင်း (၅၀) ဦးတို့ဖြင့် လည်းကောင်း၊ မြိတ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်ခရိုင် ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ (၁၈-၆-၂၀၂၅) ရက်နေ့မှ (၂၀-၆-၂၀၂၅) ရက်နေ့အထိ ခရိုင်အဆင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ကို သင်တန်းသား/ သူ စုစုပေါင်း (၃၀) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူ များသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန အစီအစဉ်ဖြင့်ဖွင့်လှစ် သော ဟိုတယ်နှင့် ခရီးသွားကဏ္ဍ အရေးပေါ်အခြေ အနေ တုံ့ပြန်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ကို သင်တန်းသူ/ သား (၅၀) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ လုပ်ငန်း တာဝန်၊ ရည်ရွယ်ချက်များနှင့် သဘာဝဘေးအသိ ပညာပေးဟောပြောခြင်း သင်ခန်းစာများ ဆွေးနွေးပို့ ချခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း မီးဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှ ၂၈ ရက်နေ့ အထိ မန္တလေး တိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံ မြို့နယ်၊ ကဥ္စနမဟီ ရပ်ကွက်၌လည်းကောင်း၊

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဥတ္တံတားကျေးရွာအုပ်စု၊ အပြင်ပိုင်း ကျေးရွာ၌လည်းကောင်း၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ စည်ပိုင်းကျေးရွာအုပ်စု၊ သာယာစု ကျေးရွာ၌လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်လူဦးရေ (၁၈) ဦးတို့အတွက် ဆန်ရိက္ခာဖိုး၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် သေဆုံးသူ (၄)ဦးတို့အတွက် သေဆုံးထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း ရေဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှ ၁၉ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ဥတည်ကျေးရွာ အုပ်စု၊ အိုးတုတ္တာန်းကျေးရွာ၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံ မြို့နယ်၊ ဒေါ်ညိမ်းကျေးရွာအုပ်စု၊ အောင်လှိုင်ကျေးရွာ၊ ခါးပြတ်ကျေးရွာနှင့် သရက်ပင်ဆိပ် ကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ တော်ချိုက်ကျေးရွာအုပ်စု၊ တော်ချိုက်ကျေးရွာနှင့် တိုးကျေးရွာအုပ်စု၊ဆားကျင်းကျေးရွာတို့၌လည်းကောင်း ရေဘေးသင့်လူဦးရေ (၈၇၉) ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး၊ လုံးဝပျက်စီးလူနေအိမ် (၁၈၅) လုံး အတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ နန်းတော် ကျွန်းကျေးရွာ၌ လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာအုပ်စု၊ ဆိုင်းစုကျေးရွာ၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ အုန်းပင်ကွင်းကျေးရွာအုပ်စု၊ ရေလဲကြီးကျေးရွာတို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ လယ်ယာကျေးရွာအုပ်စု၊ လယ်ယာ (အရှေ့/ အနောက်) ကျေးရွာတို့၌ လည်းကောင်း ကမ်းပြိုဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၂၃) လုံးနှင့် ကြိုတင် ဖျက်သိမ်း ပြောင်းရွှေ့ခဲ့သည့် လူနေအိမ် (၃၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်လူဦးရေ (၁၈၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇွန်လအတွင်း လေပြင်းဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဧရာဝတီ တိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ သဘောသပြုအုပ်စု၊ ကျုံတုံကျေးရွာ၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မြသိန်းတန်ကျေးရွာ အုပ်စု တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရွှေဥမင်းထုပ်ရပ်ကွက်၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးခရိုင်၊ ဒလမြို့နယ်၊ အမှတ် (၁၁/၁၄) ရပ်ကွက်၊ တွံ့တေး မြို့နယ်၊ ကံရွာကျေးရွာ အုပ်စု၊ ကံရွာကျေးရွာနှင့် ကုလားသုံးတန်သုံးအိမ်ကျေးရွာ တို့၌လည်းကောင်း၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၃) ရပ်ကွက် ၌လည်းကောင်း လေပြင်းဘေးသင့် ပြည်သူလူထု ဦးရေ (၅၇)ဦး တို့အတွက် ဆန်ရိက္ခာဖိုး၊ ကယ်ဆယ်ရေး ပစ္စည်း (၁၆)မျိုးနှင့် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ကြပါသည်။

## လျှော်ဘေးသင့်ပြည်သူများအတွက် ဆန် ၂၄ ပြည်အိတ် ၅၀၀ အိတ်ပေးအပ်လှူဒါန်း



**၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်** **နေပြည်တော်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဝန်းသို ကျောင်းတိုက်မှ ဆရာတော် ဦးကေတုမာလာ နှင့် သံဃာတော်များ၊ အောင်ဇေရန်အောင် ဆရာတော် ဦးဥတ္တမသီရိတို့မှ ဆန် ၂၄ ပြည်အိတ် ၅၀၀ အိတ်ကို လျှော်ဘေးသင့်ပြည်သူများအတွက် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဗဟိုဌာနသို့ လာရောက် ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေး အန္တရာယ် ဆိုင်ရာစီမံ ခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး သက်ဆိုင်ရာ ဒါယိကာများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ပါသည်။